# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## တတိယနေ့ အစီအစဉ်

## [ ၁၈–၁၁–၂၀၁၅ ] (ဗုဒ္ဓဟူးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးသန်းမြင့်၊ ဝမ်းတွင်း မဲဆန္ဒနယ်၏ မြန်မာနိုင်ငံအတွင်း ရာသီဥတု ဖောက်ပြန်မှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများကို မထိခိုက်စေရန် မည်ကဲ့သို့ အစီအမံများ ချမှတ်လုပ်ဆောင် နေပါသနည်းနှင့် အမျိုးသား ရေသိုလှောင်ရေး လှုပ်ရှားမှု (**National Water Harvesting Campaign-NWHC**) အား မည်သို့ အကောင်အထည်ဖော်မည်ကို သိလိုခြင်း တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးလှမောင်၊ ချောင်းဆုံ မဲဆန္ဒနယ်၏ ပင်လယ်ရေငန်ဒဏ် ခံနိုင်ရည် ရှိသော စပါးမျိုးစေ့ တစ်မျိုးကို အောင်မြင်စွာ စမ်းသပ်တီထွင် နိုင်ခဲ့ခြင်းဆိုသည်မှာ မှန်ပါသလား၊ ၎င်းစပါးမျိုးစေ့၏ အရည်အသွေး အချက်အလက်များကို စုံလင်စွာ သိရှိလိုခြင်းနှင့် ရေငန်ဝင်ရောက်၍ စပါးပျက်စီးရသော မြို့နယ်၊ ဒေသအားလုံးတို့အား အဆိုပါစပါး မျိုးစေ့ကို ဖြန့်ဝေပေးရန် အစီအစဉ်ရှိ၊ မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးခင်မောင်ရွှေ၊ တမူး မဲဆန္ဒနယ်၏ တမူးခရိုင်ရှိ အလှော်ကျေးရွာ၊ ပွတ်သာကျေးရွာနှင့် ခမိတ်ကျေးရွာ ဆိုလာမီးရရှိရေးနှင့် မြို့သစ်– ရွာသာ– မွေလင်း– တုံးမန– ထုံကတင်– နောင်ကက်ရွာ မြေသား လမ်းပေါ်ရှိ (ပေ ၁၀၀) သစ်သားတံတားနှင့် ထုံကတင်ရွာအနီးရှိ ကသဲအင်း (ပေ ၈၀)တံတား (၂)စင်းတို့အား မည်သို့စီမံဆောင်ရွက် ပေးမည်ကို သိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးခွန်သိန်းဖေ၊ ဟိုပုန်း မဲဆန္ဒနယ်၏ ဟိုပုန်းမြို့နယ်အတွင်းရှိ နမ့်ပါချီး ရေချောင်းတံတားအား ကွန်ကရစ်တံတားအဖြစ် ၂၀၁၅–၂၀၁၆ ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးရန် နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက "နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း" ကို တင်သွင်းခြင်း၊

၇။ "နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း" နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်း၊

၈။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက တင်သွင်းသည့် "နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၉။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက " မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း" ကို တင်သွင်းခြင်း၊

၁၀။ " မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း" နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်း၊

၁၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက တင်သွင်းသည့် " မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၂။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။